မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၅ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

အဖွဲ့ဝင် (၁၅) ဦးပါ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်း

လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်မှုများနှင့်စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်

နေပြည်တော် မတ် ၄

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦးရှိသည့်အနက် (၄၃၁)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၅ ရက်)

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားရေး သတိပြုနေထိုင်

လူတိုင်းသည် အသက်အရွယ်မရွေး၊ ကြီးသူငယ်သူမရွေး ကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးသတိဖြင့် ကျင့်ကြံနေထိုင်စားသောက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ကူးစက်ရောဂါမဖြစ်ပွားရန် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ ကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်းသည် မသန့်ရှင်းသော အစားအစာနှင့် ရေမှတစ်ဆင့် ရောဂါကူးစက်ခြင်း၊ ခြင်မှတစ်ဆင့် ကူးစက်ခြင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းတို့ကြောင့်ဖြစ်သည်။

ယခုကဲ့သို့ ပူပြင်းသည့်အချိန်ကာလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန် အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ယင်နားစာနှင့် အမှည့်လွန်သော အသီးများကို မစားသုံးရန်၊ သန့်သန့်ရှင်းရှင်းပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားရန်၊ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးရန်၊ အစားအစာများ၊ အသား၊ ငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီးမှ စားသုံးရန်၊ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှကာကွယ်ရန်၊ ၎င်းတို့ကို အုပ်ဆောင်းဖြင့် အုပ်ထားရန်တို့ကို ပြုလုပ်ရမည်ဖြစ်သည်။

ထို့ပြင် ရေကို ကျိုချက်၍သောက်သုံးရမည်ဖြစ်သည်။ အသား၊ ငါး၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းသောရေနှင့် ဆေးကြောရမည်ဖြစ်သည်။ ရေတွင်း၊ ရေကန်၊ တံကင်၊ အဝီစိတွင်းများကို ပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိရန် ကာကွယ်မှုပြုလုပ်ထားရမည် ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောမဖြစ်ပွားရန် လက်သန့်ရှင်းမှု၊ အိုးခွက်ပန်းကန်သန့်ရှင်းမှုနှင့် အိမ်သာသန့်ရှင်းမှု ရှိရန်လည်း လိုအပ်သည်။

သို့ဖြစ်ပေရာ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေးဖြစ်ပွားနိုင်သဖြင့် လူတိုင်းသည် အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးသတိဖြင့် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာ-ဩစတြီးယား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးအား ထိုင်းနိုင်ငံအခြေစိုက် ဩစတြီးယားသံရုံးမှ စီးပွားရေးသံမှူး Mr. Gerhard Schlattl ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယား သံအမတ်ကြီး H.E. Dr. Johannes Peterlik ဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင် ၃၀ ခန့်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ပြီး မတ် ၁၇ ရက်တွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကျင်းပရန် ကိစ္စ၊ အပြန်အလှန် စီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

စာရင်းပေးသွင်းနိုင်

ဩစတြီးယားစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် Health care, Hospital equipment, Hydro power, Crystal Chandelier, Lightening, Waste management, Trading in electrotechnical products, Timber, Machinery for agriculture, Communication technologies Logistics, Trading with manioc, Viscose fibres, Tax consulting, Steam turbine service, Electronic payment systems, Banking sector, Consulting, Railway, Paper, print, Irrigation systems, Fire engines, Trading in rice and Steel, Jewellery စသည့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း-၂၁၄၃၄၄-၄၉ တို့ထံသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဟံသာဝတီလမ်း အမှတ်(၂၂၄/က)နေ ကိုဝေဖြိုး-မခင်သူဇာစိုးတို့က မင်္ဂလာဦးအလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းကျောင်းဖွင့်ပွဲ ထားဝယ်ခရိုင်၌ ကျင်းပ

ထားဝယ် မတ် ၄

ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒားကျေးရွာအုပ်စု မြောင်းဖြိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက မြောင်းဖြိုကျေးရွာမူလတန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးထွန်း၊ မေတ္တာမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျောင်းဆောင်သစ်ကို ဗိုလ်မှူးကြီး အေးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးဦးသန်းထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ပြီး ပညာရေးဌာန ခွင့်ပြုငွေကျပ် ၁၆၂သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၃သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ် ဘောင်ဒရီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနေသယံဇာတထိန်းသိမ်းရေး စစ်တွေ၌ ပညာပေးဟောပြော

စစ်တွေ မတ် ၄

ငါးသယံဇာတတိုးပွားရေး ဒီရေတောများထိန်းသိမ်းပေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ အမြင့်ကျွန်းကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် ဒေသခံရေလုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူးဦးမျိုးအောင်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလှသိန်းတို့က ငါးလုပ်ငန်းဖွံ့ဖြိုးရေး၊ သားစဉ်မြေးဆက် ငါးရိက္ခာဖူလုံရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးသယံဇာတတိုးပွားရေးအတွက် အရေးပါသော ဒီရေတောထိန်းသိမ်းစိုက်ပျိုးခြင်းနှင့် ငါးလုပ်ငန်းဆိုင်ရာများကို အသိပေးဟောပြောပြီး **(အောက်ပုံ)** သစ်ပင်၊ သစ်တော၊ ရေငန်ပုစွန်မွေးမြူရေး၊ ဒီရေတောစိုက်ပျိုးရေး၊ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

အထက(၁) ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

အထက(၁)ဒဂုံ ၁၉၇၅-၂၀၁၀ခုနှစ်အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်ဖြစ်ရာ မတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အာစရိယပူဇော်ပွဲကို အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ည ၆နာရီတွင် ဗဟန်းမြို့နယ် Dolphin စားသောက်ခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို သီရိမာ ဖုန်း-၀၉-၅၀၂၁၂၄၁၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း-၀၉-၅၁၈၉၂၀၀၊ ကျော်စွာဝင်း ဖုန်း-၀၉-၅၁၁၂၃၃၊ အောင်ကိုကို ဖုန်း-၀၉-၅၄၀၄၅၄၅၊ အောင်သူထွန်း ဖုန်း-၀၉-၈၆၁၄၈၀၀၊ လှမျိုးထွန်း ဖုန်း-၀၉-၅၀၆၂၈၅၀၊ ချိုလေးလွင် ဖုန်း-၀၉-၄၉၂၁၂၅၅၀၊ အေးအေးမျိုး ဖုန်း-၀၉-၅၀၃၄၈၇၆၊ သားစိုး ဖုန်း-၀၉-၅၁၄၀၂၁၀၊ ကျော်သူစိုး ဖုန်း-၀၉-၈၆၃၆၉၆၀နှင့် ရဲမင်းလွင် ဖုန်း-၀၉-၅၅၀၄၅၉၄တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

5-3 (02).pmd 1 3/5/2011, 1:51 AM

ရှင်းလင်း ပြောကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

● *ရွှေ့ဖုံးမှ*

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကော်မတီ လေးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးကို ယနေ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နှင့် ၂၂၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅)ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းသို့ဖွဲ့စည်းရာ၌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီ၌ ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူ ဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၈(က)တွင် "လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြနိုင်သည်"ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ အဆိုပါသတ်မှတ်ချက်နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းသော်လည်းကောင်း၊ လွှတ်တော်ကော်မတီတစ်ရပ်အနေနှင့်သော်လည်းကောင်း၊ လွှတ်တော်တစ်ခုလုံးအနေနှင့်သော်လည်းကောင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များရှိကြပါကြောင်း၊ နည်းဥပဒေ ၅၈(က)တွင် ပါရှိသည့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးဆိုသည်မှာ အဆိုပါ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များအားလုံးနှင့် သက်ဆိုင်သည့် သဘောဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်မှုများနှင့်စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၆ အရ လွှတ်တော်အခွင့်အရေးကော်မတီ၏ သက်တမ်းသည် လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုမူ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

ယနေ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရာထူးအလျောက် ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်က သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -

(က) မိမိထံ လွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည် -

(၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များကို အခြေပြု၍ ပြည်သူ့လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှ စတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ လွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။

(၂) သာမန်အားဖြင့် အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၃) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ -

(က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စည်းဝေး၍ အစီရင်ခံစာကို သတ်မှတ်သောနေ့တွင် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ပြည်သူ့လွှတ်တော်က အစီရင်ခံစာ တင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် ပြည်သူ့လွှတ်တော်က မိမိထံ အခွင့်အရေးကိစ္စတစ်ရပ် လွှဲအပ်သောနေ့မှ တစ်လအတွင်း ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(၃) ကော်မတီသည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -

(က) လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း၊ ***စာမျက်နှာ ၄ ကော်လံ ၁***

လက်မှတ် ရေးထိုး

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ချို့နွယ်ဦးသည် မွေးဖွားစဉ်က ဖခင်ဖြစ်သူမှာ နိုင်ငံသားမဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁(စ)အရ ဒေါ်ချို့နွယ်ဦးသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ပါသဖြင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ဒေါ်ချို့နွယ်ဦးအစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်မောင်လေးအား အစားထိုး ရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။ အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဦးခင်မောင်လေးအား အဖွဲ့ဝင်အဖြစ် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့၌ ထွက်ဆိုသော သက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၄) ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ကို ဖိတ်ကြားတက်ရောက်စေရမည်။

(၅) ကော်မတီကတင်ပြသော အစီရင်ခံစာနှင့်စပ်လျဉ်း၍ -

(က) ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမည်။

(ခ) အထက်အပိုဒ်ခွဲ (က)အရ တင်သွင်းသော အဆိုကို ပြည်သူ့လွှတ်တော်က စဉ်းစားဆွေးနွေးပြီးသောအခါ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ရှင်းလင်း ပြောကြား

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရန်လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကသင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် -

(က) မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည် -

(၁) ကော်မတီသို့လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များကို အခြေပြု၍ အမျိုးသားလွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှ စတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်းကို အမျိုးသားလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ (က)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) အမျိုးသားလွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်သည်။

(၂) သာမန်အားဖြင့် အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၃) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို ***စာမျက်နှာ ၅ ကော်လံ ၁ သို့***

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန် ဖြစ်စေ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ယင်းနောက် လွှတ်တော်အခွင့်အရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသည့် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များမှာ -

(၁)	ဦးနန္ဒကျော်စွာ	ဒဂုံမဲဆန္ဒနယ်
(၂)	ဦးနယ်(လ်)ဆင်(ခ)ဦးဆောင်ဆီ	ကျောက်မဲမဲဆန္ဒနယ်
(၃)	ဒေါ်မိမြင့်သန်း	ရေးမဲဆန္ဒနယ်
(၄)	ဒေါက်တာသန်းဝင်း	မြောက်ဥက္ကလာပမဲဆန္ဒနယ်
(၅)	ဦးစောသိန်းအောင်	လှိုင်းဘွဲ့မဲဆန္ဒနယ်
(၆)	ဦးအေးဖေ	ကိုကိုးကျွန်းမဲဆန္ဒနယ်
(၇)	ဒေါက်တာစိုးရင်	ကမာရွတ်မဲဆန္ဒနယ်
(၈)	ဦးလှမြင့်ဦး	ပျဉ်းမနားမဲဆန္ဒနယ်
(၉)	ဦးမင်းဆွေ	ဒိုက်ဦးမဲဆန္ဒနယ်
(၁၀)	ဦးသိန်းလွင်	ချောက်မဲဆန္ဒနယ်
(၁၁)	ဒေါက်တာစံလှိုင်	တောင်ကုတ်မဲဆန္ဒနယ်
(၁၂)	ဦးပိုက်ထွေး	ကံမမဲဆန္ဒနယ်
(၁၃)	ဦးတင်မောင်ဦး	ရွှေပြည်သာမဲဆန္ဒနယ်
(၁၄)	ဦးမြင့်စိုး	ပျော်ဘွယ်မဲဆန္ဒနယ်
(၁၅)	ဒေါ်နန်းနွံ	ရှားတောမဲဆန္ဒနယ်

တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ်လ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) (က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်း အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စည်းဝေး၍ အစီရင်ခံစာကို သတ်မှတ်သောနေ့တွင် အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။ အမျိုးသားလွှတ်တော်က အစီရင်ခံစာတင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် အမျိုးသားလွှတ်တော်က မိမိထံ အခွင့်အရေးကိစ္စတစ်ရပ် လွှဲအပ်သောနေ့မှ တစ်လအတွင်း အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်း အပြီးသတ် အစီရင်ခံစာတင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(၃) ကော်မတီသည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-

(က) လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချမှတ်သောအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့၌ ထွက်ဆိုသော သက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၄) ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များ ရယူရန် လိုအပ်လျှင် ကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ကို ဖိတ်ကြားတက်ရောက်စေရမည်။

(၅) (က) ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမည်။

(ခ) အထက်အပိုဒ်ခွဲ (က)အရ တင်သွင်းသောအဆိုကို အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးပြီးသောအခါ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန် ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် လွှတ်တော်အခွင့်အရေးကော်မတီတွင်ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကိုကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသည့် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များမှာ-

(၁) ဦးမြညိမ်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၂) ဦးဂျေယောဂူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)
(၃) ဦးဘိုးရယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၄) ဦးစောတော်ပလဲ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(၅) ဦးဇေ့ယိန်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)
(၆) ဦးနိုင်ထွန်းအုံ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(၇) ဦးမြတ်ကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)
(၈) ဦးတင်မောင်မြင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)
(၉) ဦးရဲမြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)
(၁၀) ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၁) ဦးဝင်းမောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၂) ဦးညွန့်တင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၃) ဦးနု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)
(၁၄) ဦးကျော်ကျော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၁၅) ဦးနေဝင်းထွန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) တို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်းအား ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းအား အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်သည်။

အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ်လ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ မောရ္ဆက်သုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မီးပွတ်ယောက်ျားပမာ နိဗ္ဗာန်ရှာ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဒမ္မ ကိတ္တိသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၃)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၀)
၈:၄၀	ရန်ကုန်မြို့တွင် ပထမအကြိမ် ကျင်းပသော ဓမ္မာနုဓမ္မမဟာဒွါရ နိကာယသာသန ဝေပုလ္လစာမေးပွဲကြီးနှင့် စာအောင်ဆုနှင်းသဘင်
၈:၅၅	အသိပညာအလင်းပေးမယ့် Eternal Light မဂ္ဂဇင်း
၉:၁၀	ဘဝအတွက်အားထားရာ EAC
၉:၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀	ကောင်းသန့်စာကြည့်တိုက်၏ (၁၀)နှစ်ပြည့်အခမ်းအနား
၁၀:၁၅	ရန်ကုန်မြင်ကွင်းကျယ် (Changhong Electronic ၏ အရောင်းကိုယ်စားလှယ်ကြီးများကို နှစ်ပတ်လည်ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် အရောင်းမြှင့်တင်ရေးအခမ်းအနား)
၁၀:၃၅	သွားမယ်စားမယ် (Main Restaurant)
၁၀:၅၅	Sports Diary
၁၁:၂၅	ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁၁:၅၅	Activities in the City [မအူပင် (စက်မှုလက်မှုသိပ္ပံ ကောလိပ်နှင့် တက္ကသိုလ်မှ ၁၉၉၁-၂၀၀၆ ခုနှစ် မြတ်ဆရာပူဇော်ပွဲ]
၁၂:၂၀	**သူတို့ပြောတဲ့သူတို့အကြောင်း** သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့် တွေ့ဆုံခြင်း
၁:၀၀	**မီးပွတ်ယောက်ျားပမာ နိဗ္ဗာန်ရှာ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဒမ္မ ကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	VJ Choice
၃:၀၀	NAS / ICEF Agency ၏ ပညာရေးဝန်ဆောင်မှု
၃:၁၀	ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း-၁)
၃:၄၅	(၁၁)ကြိမ်မြောက်ပြုလုပ်တဲ့ ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာ မိသားစုရဲ့ အာစရိယပူဇော်ပွဲ
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၀)
၅:၅၀	မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း-ခင်စံပယ်ဦး R ဇာနည်-ဝမ်း)
၅:၂၀	မကွေးမြို့ရဲ့ တိုးတက်မှုပုံရိပ်တစ်ခု ကောင်းမွန်အထူးကုဆေးရုံကြီး
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Movie Talk (ဦးကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၃)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၄)
၇:၃၀	ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉:၂၅	**Barclays Premier League (Newcastle Vs Everton)**
၁၁:၂၅	နယဉ်ဆန်းထွင်သစ်သီးအလှဆင် (အရန်ဟင်းလျာအလှဆင်နည်း)
၁၁:၅၅	**Barclays Premier League (Man City Vs Wigan)**
၁:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၁)
၂:၃၅	သီးနှံစိုက်ပျိုးအထွက်တိုး မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ
၂:၄၅	ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၂:၅၀	စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၂:၅၅	စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၃:၁၅	**မြန်မာ့ရိုးရာခြင်းလုံးခတ်** ကစားခြင်း
၃:၃၀	World of Knowledge (Air Crash Investigation fatal Fix)
၄:၂၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
၄:၃၀	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်...
၄:၄၀	ပဒ္မမြာကြာနွယ်ရိုးမှသည်....
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Birmingham- West Bromwich	ESPN(Live)
၉:၂၅	Arsenal - Sunderland	ESPN (Live)
	Newcastle - Everton	STAR SPORTS (Live)
၁၁:၅၅	Man City - Wigan	ESPN (Live)
	Fulham - Blackburn	STAR SPORTS (SDD)

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) ရန်ကုန်-ကွမ်ကျိုးခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၄

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ရန်ကုန်-ကွမ်ကျိုးခရီးစဉ်တွင် လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ငှားရမ်းထား

အဆိုပါခရီးစဉ်သည် နိုင်ငံတော်က တစ်နှစ်လျှင် သုံးကြိမ်ခန့် ကျင်းပပေးသည့် မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာရောင်းချပွဲများသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တက်ရောက်လေ့ရှိသော တရုတ်ကျောက်စိမ်းကုန်သည် ဦးရေ ၅၀၀၀မှ၆၀၀၀ခန့်အတွက် အသွား/အပြန် စီးနင်းနိုင်ရန် အထူးအဆင်ပြေကြောင်းနှင့် မတ်လအတွင်းကျင်းပမည့် ကျောက်စိမ်းကျောက်မျက် ရောင်းချပွဲသို့ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းမှ စင်းလုံးငှားလေယာဉ် ၁၆ စင်း ငှားရမ်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ပြေးဆွဲသွားမည်

ရန်ကုန်-ကွမ်ကျိုးခရီးစဉ်ကို တစ်ပတ်လျှင်နှစ်ကြိမ် ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြွန်တန်ဆာအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၄

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်အနီး ပို့ဆောင်ရေးဝန်ကြီးဌာန မွှောရုံကြီး၌ကျင်းပရာ အစည်းအဝေးသို့ အသင်းနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မြင့်နှင့် နာယကများ၊ အလုပ်အမှုဆောင်များ၊ အပူဇော်ခံ သက်ကြီးဘိုးဘွားများနှင့် အသင်းသားအသင်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ အသင်းနာယက ဒုတိယဝန်ကြီးဦးကျော်မြင့်နှင့် အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်တို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားသည်။ ထို့နောက် ၇၅နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ကာ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ပညာရည်ချွန်ဆုများကို အသင်းနာယကများနှင့် အမှုဆောင်များက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

Maruart ကြမ်းခင်းများ ပြသရောင်းချ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Maruart ကြမ်းခင်းများနှင့် Wallpaper များကို ပြသရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် Maruart ကိုရီးယား လာမီနိတ် ကြမ်းခင်းသည် လေးလံသော အိမ်ထောင် ပရိဘောဂများ၊မီးခံသေတ္တာများကို ခံနိုင်ရည်ရှိပြီး ခြစ်ရာ၊ စင်းရာမထင် ပေါလစ်တင်စရာမလိုဘဲ နှစ်ပေါင်းများစွာ အရောင်ပြောင်းလဲသွားခြင်း၊ မှေးမှိန်သွားခြင်း လုံးဝမရှိ၊ ခြင်ဆေးမီး၊ ဆေးလိပ်မီးများကြောင့် လောင်ကျွမ်းခြင်းမရှိဘဲ ရေစိုအဝတ်ဖြင့် သန့်ရှင်းရေးကို လျင်မြန်စွာ လုပ်ကိုင်နိုင်သည်။ အိမ်ပြောင်းလျှင် အသင့်ဖြုတ်ယူသွားပြီး ခင်း၍ရနိုင်သည်။ ခြေထောက်မအေးသဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သည်။ Infra Red Radiation နှင့် Bio Ceremic Coating များ ပါဝင်ထုတ်လုပ်ထားခြင်းတို့ကြောင့် သုံးစွဲသူများအတွက် စိတ်ချမ်းသာသည်။

နံရံကပ် ကိုရီးယား Vinyl Wallpaper များသည် ပိုးသားနှင့် ဗီနိုင်းရောစပ်ထုတ်လုပ်ထားခြင်းကြောင့် ရေစိုခံပြီးရေပတ်ဝတ်ဖြင့် သန့်ရှင်းရေးလုပ်နိုင်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ငါးနှစ်အာမခံဖြင့် ကုမ္ပဏီမှ တာဝန်ယူ၍အိမ်တိုင်ရာရောက်လိုက်လံခင်းကျင်း အလှဆင်ပေးသည်။ ပြပွဲကာလအတွင်းဝယ်ယူပါက အထူးဈေးနှုန်းဖြင့်ရောင်းချပြီး အိမ်တိုင်ရာရောက် အလှဆင်ပေးမည်ဖြစ်သည်။ ပြပွဲအပြီး ဝယ်ယူလိုပါက အမှတ်(၂) အောင်သုခလမ်း(၉)မိုင်(အိုးရှင်းစူပါမားကတ်)အနီး ဖုန်း ၀၁-၇၀၁၄၇၈ နှင့် ၀၉-၅၀၀၉၅၂၃၊ အမှတ်၁၇၈ ဗညားဒလလမ်း (၇)လွှာ တာမွေမြို့နယ် ဖုန်း ၀၁-၂၉၃၀၁၂နှင့် ၀၉-၅၄၀၁၁၆၅၊ အမှတ်၂၉ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၀၅၈၉ နှင့် ၀၁-၃၈၀၀၇၃ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကျေးဇူးရှင်မိခင်ကြီးဒေါ်ရီရီမာ (ပန်းသာရုပ်ရှင်)အား ရည်စူး၍ တောနယဉ်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာ ဒေါ်ဆွေဆွေရီက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသောသံဃာဆေးကုသဆောင်သစ်ကြီး၏သံဃာရေချိုးခန်းတစ်ခန်းနှင့် သံဃာများအသုံးပြုရန် ခုတင်၊ မွေ့ရာ၊ဗီရိုလေးစုံတို့အတွက် အလှူငွေကျပ်သိန်း၂၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးဝင်းလွင်လက်ခံယူစဉ်။
(မြန်မာ့အလင်း)

ပြည်မြို့အဝင် ဆိုင်းဘုတ်ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျိုက်ထို အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကျိုက်ထို မတ် ၄

အထက (ကော့စံနိုင်)ကျိုက်ထို ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းမြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားတွင် ၁၉၈၆-၁၉၈၇မှ ၂၀၀၅-၂၀၀၆အထိ ပညာသင်ကြားပေးခဲ့သည့် အသက်၅၀နှင့် အထက်၊ လုပ်သက်အနည်းဆုံးနှစ်နှစ် တာဝန်ထမ်းဆောင်ပေးခဲ့သော ဆရာကြီးဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ရပ်ဝေးမှကျောင်းသားကျောင်းသူများသည် ဒေါ်ကြည်ကြည်မာ (ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၆၀၀၅၆ ကျိုက်ထိုမြို့၊ ဒေါ်စန်းစန်းမင်း အထက (ကော့စံနိုင်) ဖုန်း- ၀၅၇-၆၀၄၂၇၊ ၀၉-၄၉၈၁၀၄၂၇ ကျိုက်ထိုမြို့၊ ဦးဝင်းနိုင်ဦး ဖုန်း-၀၅၇- ၆၀၅၄၀၊၀၉-၄၉၈၁၈၅၄၀ကျိုက်ထိုမြို့နှင့် ဒေါ်ခိုင်မာထွေး ဖုန်း-၀၉-၅၀၁၁၃၉၅ ရန်ကုန်မြို့တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ***(မြန်မာ့အလင်း)***

ရေချိုးခန်းသုံးပစ္စည်းများ ပြသရောင်းချ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Cotto Co., Ltd.မှ ရေချိုးခန်းသုံး ပစ္စည်းများကို ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါပြခန်းတွင် ထိုင်းနိုင်ငံ Cotto အမှတ်တံဆိပ် ဘိုထိုင်၊ ဘေစင်၊ ပိုက်ခေါင်း၊ Bathtap ၊ Cotto ကြွေပြားနှင့် Accessories တို့ကို အရည်အသွေးအကောင်းဆုံးနှင့် ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချပေးလျက်ရှိသည်။ Cotto အမှတ်တံဆိပ် ပစ္စည်းများမှာ Trusted Brand Award 2010 ရရှိထားသည်။ ပြပွဲအပြီး ပိတ်ရက်မရှိ Door to Door စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဆက်သွယ်မှာယူလိုပါက အမှတ်၂၃၈ ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၂၄၆၀၉ သို့ ဆက်သွယ်မှာယူရရှိနိုင်သည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် မတ် ၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာ့အေးဘုရားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ အသင်းဂုဏ်ထူးဆောင် နာယကစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အငြိမ်းစားအရှေ့တိုင်းပညာဌာနပါမောက္ခ ဦးအောင်ထွန်း၏ ကန်တော့ချီးဖြင့် သက်ကြီးပုဂ္ဂိုလ် အဘိုးအဘွားတို့အား ပူဇော်ကန်တော့ကြပြီး သက်ကြီးပုဂ္ဂိုလ်များကိုယ်စား အသင်းနာယက ဦးမြင့်သန်းက ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍(၂၀၀၉/၂၀၁၀)တက္ကသိုလ်ဝင်တန်းတွင် ကွမ်းခြံကုန်းတစ်နယ်လုံး အမှတ်အများဆုံးရရှိသူ ကျောင်းသားကျောင်းသူ ကိုးဦးနှင့် ရန်ကုန်ရှိ မြို့နယ်အသင်းဝင်များ၏ သားသမီးများအား တာဝန်ရှိသူများက ပညာရည်ချွန်ဆုချီးမြှင့်ကြပြီးနောက် နိုင်ငံတော်အဆင့်ဂုဏ်ထူးဘွဲ့ထူးရ ပုဂ္ဂိုလ်များနှင့်ပါရဂူဘွဲ့ရကျောင်းသားများ**(အပေါ်ပုံ)**အား ဝန်ကြီးအမှူးပြုသော နာယကများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေးနှင့် ချောင်းသာကိုးဒင်းဘိချ်ဟိုတယ်ဥက္ကဋ္ဌ)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်အဆောက်အအုံသစ် တံတားဦးမြို့နယ်၌ ဖွင့်

တံတားဦး မတ် ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကြပ်ပြင်ကျေးရွာ မောင်းကြီးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မောင်းကြီးစာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးဇော်မင်း၊ အလှူရှင်ဦးအောင်မောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဟောပြောပွဲကို ကျင်းပရာမြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍အလှူရှင်ဦးအောင်မောင်းက စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဒေါ်မမနိုင်(မန္တလေးရုပ်သေး)နှင့် ဒေါ်ယဉ်ယဉ်နု(ယဉ်ယဉ်နု-မန္တလေး)တို့က စာပေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်လှူဒါန်းခဲ့

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၂၄ ပေ၊ အနံ ၁၅ ပေ၊ အုတ်ခင်း၊ ထရံကာ၊ သွပ်မိုးဖြစ်ပြီး အလှူရှင် ဦးအောင်မောင်း မိသားစုက ငွေကျပ်သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အလက(၅)မရမ်းကုန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၄

အလက(၅)မရမ်းကုန်း ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးမြကြွယ် ဖုန်း-၇၃၀-၇၇၁၈၄၊ ဦးကြည်ဝင်းလှိုင် ဖုန်း-၇၃၀-၈၅၉၁၅၊ ဒေါ်ခင်စိုးသူ ဖုန်း-၀၉-၅၁၇၅၁၁၄၊ ၆၅၅၇၄၆၊ ဒေါ်စန္ဒာဦး ဖုန်း-၆၆၁၉၂၄၊ အလက (၅) မရမ်းကုန်း ဖုန်း-၆၆၁၇၈၉ နှင့် ကိုမြင့်ကိုကို ဖုန်း ၀၉-၅၀၈၀၂၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက (တိုက်ကြီး) အထက အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးထွေးကြည်က န၀မတန်း ခရိုင်အဆင့်ထူးချွန်ဆုနှင့် မြို့နယ်ဘက်စုံ ပထမဆုရရှိသော မဇော်မာလာပို အထက တိုက်ကြီးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

စပါးမျိုးစေ့ချကိရိယာဖြင့် မိတ္ထီလာ၌ သရုပ်ပြ

မိတ္ထီလာ မတ် ၄

မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်း ကျေးရွာ လယ်ပိုင်ရှင် ဦးအောင်ကြည်စိန်၏ လယ်မြေတွင် နွေစပါးစိုက်ပျိုးရန် မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြပွဲကို မတ် ၁ရက် နံနက် ၁၀နာရီက ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသိန်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်မန်နေဂျာ ဦးစန်းလွင်၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးလှိုင်မျိုးထွန်းတို့က ပျိုးထောင်စိုက်ပျိုးပါက တစ်ဧကကုန်ကျစရိတ်၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက တစ်ဧက ကုန်ကျစရိတ်တို့ကို နှိုင်းယှဉ်ပြသပြီး တစ်ဘီးတပ်ထယ်ဖြင့် သရုပ်ပြရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ကြည့်ရှုအားပေး

ထို့နောက် မျိုးစေ့ချကိရိယာ၊ တစ်ဘီးတပ်ထယ်သရုပ်ပြမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ကျေးရွာ ၅၈အုပ်စုမှ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ထီးလင်းမြို့နယ် မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၈ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၄။ အဖွင့်သီချင်း
- ၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၅)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **အချစ်ကံစမ်းပွဲ** ပြေတီဦး၊ န၀ရတ်၊ ပြည့်ဖူးခိုင် [ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)]
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၃ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၂၃ ၇။ မြန်မာသံစဉ်
- ၄:၃၀ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄:၄၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၅၀ ၁၀။ ကုန်သွယ်သုတ
- ၄:၅၅ ၁၁။ မီးသတိပေးနှိုးဆော်ချက်
- ၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ **စားဖို့ဆောင်ချစ်သူ**
- ၆:၅၀ ၁၇။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၅)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ လူရွှင်တော်စကား
- ၂၄။ လှျှပ်တစ်ပြက်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှဉ်းပြိုင်များ** (အပိုင်း-၁၃)
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၃)

နေပြည်တော်ရှိ စာစစ်ဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် နေပြည်တော် ခရိုင် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ရောက်ရှိပြီး တာဝန်ရှိ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲကို စည်းကမ်းစနစ်ကျနစွာဖြင့် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် စာမေးပွဲဖြေဆိုသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးတို့အတွက် လိုအပ်သည်များ မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ငွေကြယ်စင်ဘက်စုံသုံး မော်တော်ယာဉ်များ ခင်းကျင်းပြသ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် ၂၀၁၁ ခုနှစ် အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် T & C GROUP ကုမ္ပဏီအုပ်စုမှထုတ်လုပ်သော ဘက်စုံသုံးမော်တော်ယာဉ် (MPV) များ ပါဝင်ခင်းကျင်းပြသလျက်ရှိကြောင်းသိရသည်။

T & C GROUP ကုမ္ပဏီအုပ်စုသည် နိုင်ငံတော်၏ စက်မှုလက်မှု ဖွံ့ဖြိုးရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးမှုကဏ္ဍများ၊ သတ္တုတူးဖော်ရေးကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍများ တိုးတက်မြင့်မားလာစေရန် အဓိက ဦးတည်ဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများအား စက်မှုကုန်ကြမ်း သီးနှံ ကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးမှုများကို ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

T & C GROUP Co., Ltd. အနေဖြင့် MPV ကားများကိုလည်း တရုတ်နှင့် ဂျပန်ဖက်စပ်ထုတ်လုပ်သော နည်းလမ်းများကိုရယူ၍ ပြည်တွင်း၌ (Model CSS-013 & Model CSS-014) ကားများအဖြစ် ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ပြည်တွင်းဈေးကွက်၌ အမြောက်အမြား ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ Mianyang Huarui Automotive Co., Ltd. နှင့် ပူးပေါင်းကာ ဂျပန်ပုံစံ M 3 C အင်ဂျင်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

T & C GROUP ကုမ္ပဏီအုပ်စု ငွေကြယ်စင်မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းအမှတ် (၉၆-ဘီ) ပန်းတည်းဝန် ဦးရွှေဘင်လမ်း ရွှေပြည်သာစက်မှုဇုန် အပိုင်း (၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၁၈၆၆၁၊ ၆၁၈၆၆၂၊ ၆၁၈၆၆၃နှင့် အမှတ်-၁၂/၁၃၊၆၂-လမ်းနှင့် မင်္ဂလာလမ်းထောင့် စက်မှုမြို့သစ် မန္တလေးမြို့ ဖုန်း-၀၂-၅၄၂၀၀နှင့် ၅၄၅၂၆တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၅ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မတ် ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားပြန်လည်ပြသ

ရန်ကုန် မတ် ၄

လက်ာရည်ကျော်၏ဝတ္ထုကို မြင့်ဦးဦးမြင့် ဇာတ်ညွှန်းရေးသားကာ ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင် ခံစားတင်ပြသည့် **ကြိုးကြာတောင်ပံခတ်သံ** ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ရုပ်ရှင်ရုံများ၌ ယနေ့မှစ၍ တစ်ပြိုင်တည်း ပြန်လည် ပြသသည်။

ပါဝင်သရုပ်ဆောင်

ကြိုးကြာ တောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားမှာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု နှစ်ဆုရ ဇာတ်ကားဖြစ်ပြီး အကယ်ဒမီ နေတိုး၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးယုစံ စသည့် ရုပ်ရှင်သရုပ်ဆောင်များနှင့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည်။

လက်မှတ်ရေးထိုး

အကယ်ဒမီဆုရ ဇာတ်ကား တစ်ကျော့ပြန် ပြန်လည်ပြသရာ၌ မတ် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ လည်းကောင်း၊ ညနေ ၃ နာရီတွင် Junction Cineplex (Maw Tin) ၌ လည်းကောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်များက ပရိသတ်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အမှတ်တရ လက်မှတ် ရေးထိုးပေးမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

တစ်ဖက်နိုင်ငံ၌ အလုပ်ကောင်းရမည် တစ်ဖက်နိုင်ငံသားနှင့်လက်ထပ်ပါက ချမ်းသာမည်ဟု စည်းရုံးပြောဆိုကာ လူကုန်ကူးသူ အမျိုးသမီးတစ်ဦး လားရှိုးမြို့၌ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

လားရှိုးလူကုန်ကူးမှုကာကွယ်ရေးအထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် လားရှိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ ပင်လုံမြို့နေ မငယ်ဘေး(ခ) မနန်းကွေ့ခမ်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၄င်းသည် ပင်လုံမြို့နေ အမျိုးသမီးငယ်နှစ်ဦးအား တစ်ဖက်နိုင်ငံ၌ အလုပ်ကောင်းရမည်၊ တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ပါက ချမ်းသာမည်ဟုစည်းရုံးပြောဆိုကာ ခရီးစရိတ်ပေး၍ ခေါ်ဆောင်ခဲ့ကြောင်း သိရှိရသဖြင့် အမျိုးသမီးငယ်နှစ်ဦးအား ဆွေးနွေးပညာပေး၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ခဲ့ပြီး မငယ်ဘေး(ခ) မနန်းကွေ့ခမ်းအား ပင်လုံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူကုန်ကူးသူများသည် တစ်ဖက်နိုင်ငံ၌ လုပ်ခကောင်းကောင်းရမည်၊ တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ပါက ချမ်းသာမည်၊ အဆင်ပြေမည် စသည်ဖြင့် မစားရ ဝခမန်း စည်းရုံးပြောဆိုပြီး တစ်ဖက်နိုင်ငံသို့ရောက်လျှင် ခြိမ်းခြောက်ကာ ရောင်းစားကြကြောင်း၊ လူကုန်ကူးသူများသည် တစ်ဘို့တည်းသာကြည့်သည့် လူမဆန်သူများဖြစ်ကြောင်း၊ မိန်းကလေးများ နားမယောင်မိဖို့ အရေးကြီးကြောင်း၊ လူကုန်ကူးသူများကို နှောင်ကြဉ်စေရန် ပြတ်ပြတ်သားသား အရေးယူရမည်ဖြစ်ကြောင်း စသည်ဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၄ နာရီက နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တတိယအကြိမ် အစည်းအဝေးသို့ ၂၀၁၁ ခုနှစ် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ ခုနှစ် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၁ ခုနှစ် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယက ဝန်ကြီး ဦးအုန်းမြင့်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မိတ္ထီလာ အထက(၄) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

မိတ္ထီလာ မတ် ၄

မိတ္ထီလာမြို့ အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက် (၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက်တွင် အဆိုပါ ကျောင်း သဇင်ဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်မြင့်(မန်နေဂျင်းဒါရိုက်တာ၊ ကောင်းမြတ်လုပ်ငန်းစုလီမိတက်၊ ရန်ကုန်) ဖုန်း-၀၉-၅၀၀၀၁၉၉၊ ဒေါ်မြင့်မြင့်ဌေး ကျောင်းအုပ်ဆရာမကြီး အထက (၄) ဖုန်း-၀၆၄-၂၃၅၄၈၊ ဦးမြင့်သိန်း ဖုန်း-၀၆၄-၂၃၈၄၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၆၄-၂၄၃၂၂၊ ဦးလှမြိုင် (မိတ္ထီလာမောင်မောင်မြင့် ဓာတ်ပုံတိုက်)၊ ဦးအေးဖေ ဖုန်း-၀၉-၄၇၁၀၉၄၀၄၊ ဒေါ်အမာစိန်(လ/ထကထိက) မကွေးတက္ကသိုလ် ဖုန်း-၀၉-၄၉၂၆၇၂၉၈၊ ဦးလှမိုး ဖုန်း-၀၉-၆၃၀၇၃၁၉၊ ၀၉-၄၉၂၆၇၃၀၁၊ ဦးဇေယျာဘုန်း ဖုန်း-၀၉-၅၄၁၅၂၂၆၊ ဒေါ်ရင်ရင်စိန် အထက(၄) ဖုန်း-၀၉-၄၇၁၀၃၃၉၂နှင့် ဒေါ်လှဲ့လှဲ့ဝင်း အထက(၁) ဖုန်း-၀၆၄-၂၃၀၁၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ **နှောင်းနှောင်တ**
- ၈း၃၀ ၁၀။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၅၀ ၅။ Yan Can Cook
- ၁၃း၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၁)
- ၁၄း၁၀ ၇။ **မဟော်သဓာ** (အပိုင်း-၂၁) ဖိုးသောကြာ၊ နဒီဝင့်နိုင် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁၄း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄း၅၀ ၉။ International News
- ၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၂၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၁၀ ၈။ International Science News
- ၅း၂၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၇)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၄)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၁)
- ၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၁။ အစီအစဉ်ပြီး၏။

ဂုဏ်ပြုလွှာချီးမြှင့်

ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်ကကျင်းပရာ အဋ္ဌမတန်းတွင် ပထမဆုရ ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးတိုးအောင် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (၀၅၅)

စာမေးပွဲကို ဘယ်လိုဖြေကြမှာလဲ

အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးလှကျော်

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြရတော့မည်။ မတ်လ ၇ ရက်နေ့တွင် စဖြေရတော့မည်။ စာမေးပွဲဖြေရတော့မည်ဟူသောအသိက ကျောင်းသားများအတွက် စိတ်လှုပ်ရှားမှု ဖြစ်ရပေသည်။ တက္ကသိုလ်ဝင် စာမေးပွဲသည်ကား အခြေခံပညာရေး၏ နောက်ဆုံးတန်းဖြစ်၍ အလွန်အရေးကြီးလှပါသည်။ တစ်နှစ်တည်းနှင့် အောင်မြင်အောင် ဖြေဆိုနိုင်ရပါမည်။ မိဘ ဆရာများကလည်း ထိုစာမေးပွဲကို အောင်မြင်စေလိုကြပါသည်။

ပညာရေးဝန်ကြီးဌာနကလည်း ပညာရည်တိုးတက်မြင့်မားရေး၊ အထူးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။

စာမေးပွဲဟူသည်

စာမေးပွဲဆိုသောအသံကို ကြားလိုက်ရသည့် စာတော်သူ၊ စာကျက်သူ၊ ကျောင်းမှန်မှန်တက်သူတို့အဖို့ကား ယခုပင် စာမေးပွဲကို ဖြေလိုက်မည်ဟု ဝင့်ဝင့်ကြွားကြွားရှိကြမည်ဖြစ်သော်လည်း စာညံ့သူ၊ ကျောင်းပျက်သူများ အဖို့ကား ကြောက်ဒူးတုန်ကာ ရင်ခုန်နေကြပေမည်။

အမှန်ဆိုရသော် စာမေးပွဲဆိုသည်ကား ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်ရပါမူ စာကိုမေးသောပွဲပင်ဖြစ်ပါသည်။ ဘာစာတွေကိုမေးမှာလဲ အထူးမေးစရာမလို၊ တစ်နှစ်ပတ်လုံးသင်ခဲ့သော ပြဋ္ဌာန်းထားသောစာများကိုပဲ မေးမည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် စာရသူအဖို့ လွယ်သကဲ့သို့ စာမရသူအဖို့ ခက်ပေမည်။ ထို့ပြင် စာများရနေပြီဖြစ်သော်လည်း ထိုစာများမှ မေးခွန်းကို မှန်ကန်တိကျစွာ ဖြေနိုင်ဖို့လိုပေသေးသည်။ အနာနှင့်ဆေး တည့်အောင်ပေးမှ ပျောက်ရေး မခက်သကဲ့သို့ အမေးနှင့်အဖြေတည့်အောင် ရေးလိုက်ပါမှ အောင်ရေးမခက်ဖြစ်ကြပါမည်။ အရေးကြီးသည်မှာ ပြဋ္ဌာန်းထားသောစာထဲမှ မေးသည်ဆိုသော်လည်း စာမေးသူက မေးခွန်းမေးသည့်အခါ ဉာဏ်ကွန့်၍ လှည့်ပတ် မေးတတ်ပါသည်။ သင်ခန်းစာများကို ထုံးလိုချေ၊ ရေလိုနှောက်နိုင်အောင် ကျေကျေညက်ညက် လေ့လာထားသူများ အဖို့ အခက်အခဲမရှိနိုင်ပါ။ တစ်ဖန် စာကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးအောင် သိထားသူအဖို့ မည်မျှခက်ခဲ၍ သမားဂုဏ်မြောက်အောင် မေးထားစေကာမူ အလွယ်တကူ ဖြေဆိုနိုင်ပါမည်။ မေးခွန်းများဖြေရာတွင် မေးသော အချက်ကို သိအောင်ကြိုးစားရန် လိုပါသည်။ စာမကျေညက်သူများသည် မေးခွန်း၏လိုရင်းကို မစဉ်းစားမိဘဲ လေးနက်စွာ မစဉ်းစားဘဲ ရောက်တတ်ရာရာ ရမ်းသန်းဖြေက မမှန်နိုင်ပါ။

မေးခွန်းရပါက မေးခွန်းဖတ်ဖို့ အချိန်ပေးသင့်ပါသည်။ ဖတ်ပြီးလျှင် မည်သည့်အချက်အလက်များအား ဖြေရမည်ကို စဉ်းစားရန် အချိန်ပေးရပါမည်။ မေးခွန်းဖတ်ပြီးပါက အဖြေစဉ်းစားရန် အထူးအရေးကြီးပါသည်။ မေးခွန်းရသည်နှင့် ဖုတ်ပူမီးတိုက် မစဉ်းစားဘဲ မဖြေသင့်ပါ။ မေးခွန်းကို သေချာစွာဖတ်ပြီးမှ ဖြေပါက မလွဲနိုင်ပါ။ ဖြေရမည့်မေးခွန်း ပေးထားသည့်အချိန်ထက်လည်း ကျော်လွန်၍မဖြေသင့်ပါ။ တစ်ပုဒ်ကို မိနစ် ၃၀ အချိန်ရသည်ဆိုလျှင် ၂၅ မိနစ်နှင့် ပြီးအောင်ဖြေပြီး ၂ မိနစ် ပြန်လည်စစ်ဆေးပါ။ အဖြေထိုးဖို့လည်း မမေ့ပါနှင့်။ ဉာဏ်ကွန့်၍ ဉာဏ်စမ်းမေးတတ်သော ရူပဗေဒဘာသာရပ်၊ သချင်္ချာဘာသာရပ်များကို အထူးဂရုပြု၍ ဖြေပါ။ တွက်ချက်ရသော ပုစ္ဆာတိုင်းမှ ကိန်းဂဏန်းများကို အထူးသတိထား၍ ကူးရေးပါ။ ကိန်းဂဏန်းများအရေးမှား၍ အဖြေမထွက်သော ပုစ္ဆာများရှိတတ်ပါသည်။ အထူးဂရုပြုရန်မှာ ပုဒ်ရေနှင့် အံကိုက်မေးထားသော နှစ်ခါထပ်တွက်ရသော ပုဒ်စာကို ထပ်မံတွက်ရန် မကြိုးစားဘဲ အခြားရနိုင်သော ပုစ္ဆာများကိုသာ တွက်သင့်ပါသည်။

မေးခွန်းပုဒ်ရေကို စေ့အောင်ဖြေပါ။ (၆)ပုဒ်ဖြေရမည်ကို (၅)ပုဒ်သာဖြေလိုက်ပါက (၁)ပုဒ်အတွက် အမှတ် လျော့သွားပါမည်။ တွက်ချက်ရာတွင်လည်း ကိန်းဂဏန်းများကို ရှင်းလင်းစွာရေးပါ။ အလွန်သေးသော စာလုံးများ၊ ပူးကပ်နေသော စာကြောင်းများ၊ ရှုပ်ထွေးနေသော စာကြောင်းများကိုရှောင်ပါ။ အမြင်ရှင်း၍ သပ်ရပ်သော စာလုံးများဖြင့်သာဖြေပါ။ လှပရန်မလိုပါ။ ပီသရှင်းလင်းရန်သာ လိုပါသည်။

အထူးသဖြင့် သချင်္ချာ၊ ရူပဗေဒ ဖြေဆိုရမည့်ရက်မတိုင်မီ ညလုံးပေါက်တွက်ချက်ခြင်း မပြုလုပ်ပါနှင့်၊ ဦးနှောက်နှင့် စဉ်းစားရ၍ စာဖြေချိန်တွင် ဦးနှောက်ကြည်လင်ရန် လိုပါသည်။ ထိုညများတွင် စောစောအိပ်၍ စောစောထပြီး မှတ်စရာများကိုမှတ်ပါ။ အနည်းဆုံး ခုနစ်နာရီခန့် အိပ်ရေးဝအောင်အိပ်မှ ဦးနှောက်ရှင်လန်းမည် ဖြစ်ပါသည်။

စာမေးပွဲမဖြေမီနှင့် ဖြေနေစဉ်အတွင်း ကျန်းမာရေးကို ဂရုစိုက်ရမည်။ သို့မဟုတ်ပါက စာမေးပွဲနီးမှ ဆေးရုံတွင်ဖြေရသူများ ရှိပါသည်။

စာဖြေခန်းသို့သွားရန်စီစဉ်ခြင်း

စာဖြေသူသည် နံနက် ၉ နာရီဖြေရမည်ဖြစ်၍ နာရီဝက်စောပြီး စာဖြေခန်းသို့ ရောက်ရမည်။ အိမ်နှင့် စာစစ်ဌာန အဝေးအကွာကိုချင့်ချိန်၍ (ဝေးပါက) တစ်နာရီခန့် ကြိုထွက်ရပါမည်။ လမ်းတွင် ကားများပိတ်နေခြင်းကြောင့် စောင့်ရခြင်း၊ ကား၏စက်ချွတ်ယွင်းမှုရှိနိုင်၍ ကြိုတင်သွားရခြင်း ဖြစ်သည်။

စာဖြေဌာနသို့သွားလျှင် ဖြေခွင့်ကတ်ပြားနှင့် စာရေးကိရိယာအစုံအလင် ဘောပင်အနည်းဆုံး လေးချောင်းခန့် အဆင်သင့်ဖြစ်စေရန် ညကတည်းက စီစဉ်ထားရပါမည်။ နံနက်သွားခါနီးမှ ရှာဖွေနေရလျှင် စိတ်သောကရောက်ပါမည်။ စာဖြေခန်းသို့ရောက်သော် မိမိဖြေရမည့်အခန်း ရှာဖွေပါ။ ပထမခေါင်းလောင်းထိုးသည်နှင့် အဆင်သင့်ဖြစ်နေရပါမည်။ အရေးကြီးသည်မှာ ဖြေဆိုခွင့်ကတ်ပြားကို မမေ့ရန်ဖြစ်ပါသည်။ မေ့ကျန်ခဲ့ပါက ဖြေဆိုခွင့်ရမည် မဟုတ်ပါ။ အိမ်ပြန်၍ ယူရမည်ဆိုသော်လည်း နာရီဝက်အတွင်း မဖြစ်နိုင်ပါ။ စာမေးပွဲဖြေဆိုရမည့် အချိန်သည် ၉ နာရီအစား ၉နာရီခွဲမှ ဖြေခွင့်ရပါမည်။ သို့ပါ၍ ဖြေဆိုခွင့်ကတ်ပြားမမေ့ရန် အထူးသတိပြုပါ။ စာမေးပွဲဖြေဆိုသွားစဉ် တောက်ပသစ်လွင်သော အဝတ်အစားများဝတ်ရန်မလိုပါ၊ ကျောင်းစိမ်းဝတ်စုံသာ ဝတ်ဆင်ပါ။ အင်္ကျီကို ကျပ်ကျပ်တည်းတည်း မဝတ်ပါနှင့်၊ ချောင်ချောင်ချိချိနှင့် လက်ကို ကွေးသာ ဆန့်သာအောင်ဝတ်ပါ။ စာဖြေစဉ် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အင်္ကျီများ၊ ဘောင်းဘီကျပ်များ ဝတ်မသွားပါနှင့်။ စာဖြေသွားစဉ် အစားအသောက်ကို မဝလွန်း၊ မဆာလွန်း အသင့်အတင့်စားသွားရပါမည်။ သင့်တင့်မျှတစွာ စားသွားရန်ဖြစ်သည်။

စာဖြေစဉ် ဂရုပြုရန်အချက်များ

အဖြေလွှာပေါ်ရှိ စာရွက်တိုင်း၌ မိမိခုံနံပါတ်ကို မှန်ကန်ပီသစွာရေးပါ။ လက်ထောက်ကြီးကြပ်ရေးမှူးက ဖတ်ပြသော စည်းကမ်းကို နားထောင်ပါ။ စည်းကမ်းကိုလိုက်နာရန် အရေးကြီးပါသည်။ စာဖြေစဉ်တွင် အခြားတစ်ဖက်မှ စာဖြေသူက အကူအညီတောင်းပါက မပေးပါနှင့်၊ အကူအညီပေးမိပါက မိမိပါ အရေးယူခြင်းခံရပါမည်။ မိမိကိုယ်တိုင်ကလည်း မသမာသောနည်းဖြင့် မဖြေပါနှင့်။ မသမာသောနည်းဖြင့် ဖြေဆိုပါက စာဖြေခွင့်ကို (၁)နှစ် သို့မဟုတ် (၂)နှစ်အထိ ပိတ်ပင်ခြင်းခံရပါမည်။ ကျောင်း၏ ဂုဏ်သိက္ခာလည်း ထိခိုက်စေပါသည်။

မိမိဖြေဆိုရသော စားပွဲခုံနှင့် ကုလားထိုင်သည်လှုပ်နေပါက ကြီးကြပ်ရေးမှူးကို အသိပေးပြီး လဲလှယ်ခွင့် ရှိပါသည်။ တစ်ခါတစ်ရံ မိမိဖြေနေသော စားပွဲခုံပေါ်သို့ နေထိုးသဖြင့် စာရေး၍မရအောင်ဖြစ်နေပါကလည်း တင်ပြနိုင်ခွင့်ရှိပါသည်။ အကယ်၍ စာရွက်အပိုတောင်းပါက ထိုစာရွက်ကို အဖြေစာအုပ်နှင့်အတူ ပင်အပ်နှင့် သေချာစွာတွဲရန် အရေးကြီးပါသည်။ အချို့ဆရာများသည် ထိုကိစ္စကို အကူအညီပေးတတ်ပါသည်။ အပိုစာရွက်ကို မတွဲမိပါက ထိုစာရွက်ကို မစစ်ဆေးရ၍ အမှတ်လျော့ပေမည်။ စာစစ်သူများကိုယ်တွေ့ဖြစ်၍ အထူးဂရုပြုပါ။ စာဖြေနေချိန် တစ်ပတ်အတွင်း အအိပ်၊ အနေအထိုင်၊ စားသောက်ရေး စသည်ဖြင့် ကျန်းမာရေးကို အထူးဂရုပြုရန် လိုအပ်ပါသည်။ အစားအသောက်မမှားရန်၊ အအိပ်မပျက်ရန်ဖြစ်ပြီး ခန္ဓာကိုယ်နှင့် စိတ်ကြည်လင်စေရန် အထူးဂရုစိုက်ရပါမည်။

အချုပ်ဆိုရသော် မိမိဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်စိတ်ဖြင့် ကောင်းမွန်စွာဖြေဆိုပါက အောင်ရမည်မလွဲပါ။ အထူးကြိုးစားဖြေဆိုပါက ဂုဏ်ထူးများပင် ရနိုင်ပါသည်။ စာသင်သားများသည် တစ်နှစ်ပတ်လုံး ထဲထဲဝင်ဝင် သေချာစွာကြိုးစားခဲ့ခြင်းများကို စိတ်အေးအေး၊ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ ဖြေဆိုသွားပါက အောင်ရမည်ဖြစ်ကြောင်း စိတ်နှလုံးသွင်းစေလိုပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ချစ်တပည့်များ အောင်ပန်းဆင်နိုင်ကြပါစေဟု မေတ္တာရေလောင်း ဆုတောင်းအပ်ပါသတည်း။ ။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၄

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာ သင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် **(အပေါ်ပုံ)** တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဝန်ထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကင်းသာ-ပင်လောင်းလမ်း၌ ထင်းကားတစ်စီးတိမ်းမှောက် ငါးဦးသေ၊ ၁၆ ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၄

ပျော်ဘွယ်မြို့ မြို့သစ်ရပ်ကွက်နေ ယာဉ်မောင်း မောင်မြင့် မောင်းနှင်သော ထင်းနှင့်ဝါးများ တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်သည် မတ် ၂ ရက် ညနေ ၄ နာရီခန့်တွင် ကင်းသာ-ပင်လောင်းလမ်းအတိုင်း မောင်းနှင်လာစဉ် (၅)မိုင် ချောင်း တံတားအရောက် ယာဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအနက် ဒဏ်ရာပြင်းထန်သူ လေးဦး ပါရှိကြောင်း၊ ဒဏ်ရာရလူနာများအား ဇေယျာသီရိမြို့နယ် ခုတင်(၅၀) ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းအား တပ်ကုန်းရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိကြောင်း၊ ယာဉ်မောင်းအချို့မှာ ယာဉ်မောင်းတတ်ရုံအဆင့်သာရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ နားလည်မှု မရှိကြကြောင်း၊ ယာဉ်ကြံ့ခိုင်ရေး စစ်ဆေးရန်လည်း အားနည်းသဖြင့် ယာဉ်ချွတ်ယွင်းမှုများ ဖြစ်ပေါ်ပြီး အရှိန်မထိန်းနိုင် ဖြစ်ရကြောင်း စသည်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဝေဖန်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၅ ရက်က အမှတ် (၈) တာမွေအခြေခံပညာမူလတန်းကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဦးသန်းထွန်း-ဒေါ်ခြင်းခြင်းနီ၊ သား ခန့်ပိုင်ပြည့် မိသားစုက ကျောင်းတွင်းသုံးစွဲရန် တီဗွီနှင့် ဒီဗွီဒီစက်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်း လက်ခံယူစဉ်။ (ပညာရေး)

ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၄

၂၀၁၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က ဧရာဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီးထွန်းလွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော် (ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းက ဆွတ်ခူးရရှိသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြဝတီစက်သုံးဆီအရောင်းဆိုင် အမှတ် (၀၁၀)၌ မတ် ၂ ရက်က ဆိုင်မန်နေဂျာ ဦးအေးလွင် ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများက မီးသတ်ယာဉ်၊ မီးသတ်ဘူး၊ မီးသတ်ပစ္စည်းကိရိယာများ အသုံးပြု၍ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၃ရက်က အမှုဆောင်အရာရှိ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းလှမြို့နယ် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ပူးပေါင်းအဖွဲ့ခြောက်ဖွဲ့ဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က လေ့ကျင့်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ရေစင်တည်ဆောက်မှုကို ဇန်နဝါရီ ၃၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရမ္မာဝတီမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁ ရက်က မီးသတ်ဆေးဘူးဖြင့် သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် အမှုဆောင်အရာရှိ ဦးထွန်းခင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇမ်ဘီယာမြောက်ပိုင်း၌ ကူးတို့ယာဉ်နစ်မြုပ်

လူဆာကာ မတ် ၄

ဇမ်ဘီယာနိုင်ငံမြောက်ပိုင်း လူရာပူလာပြည်နယ် အင်ချီလန်ဂီခရိုင် အတွင်းရှိ အမ်ဝီရူရေအိုင်ကြီးတွင် မတ် ၃ ရက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ခရီးသည် ၃၈ဦး သေဆုံးခဲ့ကြောင်း ဇမ်ဘီယာအရာရှိများက ပြောကြားသည်။

ယင်းကူးတို့ယာဉ်တွင် ခရီးသည် ၄၂ ဦး လိုက်ပါလာပြီး မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ရာ ခရီးသည်လေးဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ကျန် ၃၈ဦးမှာ သေဆုံးခဲ့ကြောင်း ဇမ်ဘီယာအမျိုးသားအသံလွှင့်ဌာနက သတင်း ထုတ်ပြန်သည်။ ယင်းကူးတို့ယာဉ်သည် ဇမ်ဘီယာမှ ကွန်ဂိုနိုင်ငံသို့ ပြန်ရန် နှစ်နိုင်ငံနယ်စပ်ရှိ အမ်ဝီရူရေအိုင်ကြီးကို ကူးတို့ယာဉ်ဖြင့်ဖြတ်သန်းစဉ် ယခုဖြစ်ရပ် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ဇမ်ဘီယာရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

နိုင်ဂျီးရီးယား၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၀ ဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

လာဂို့စ် မတ် ၄

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ် ဆူလီဂျာမြို့တွင် မတ် ၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားအရာရှိများက ပြောကြားသည်။ (အောက်ဝဲပုံ)

ယင်းဗုံးမှာ ဆူလီဂျာမြို့ စာသင်ကျောင်းတစ်ကျောင်းသို့သွားရာ လူစည်ကားသည့် လမ်းဘေးတွင် ရပ်ထားသော ဘတ်စ်ကားတစ်စီးပေါ်၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူများတွင် လမ်းပေါ်မှ ဖြတ်သွား ဖြတ်လာနေကြသူများလည်း ပါဝင်ကြောင်းသိရသည်။

စုံစမ်းစစ်ဆေး

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားပြီး ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ဆူလီဂျာမြို့မှာ အဘူဂျာမြို့မှ ၄၅ ကီလိုမီတာအကွာတွင် တည်ရှိသောမြို့ဖြစ်သည်။ **(အင်တာနက်)**

အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး**(အပေါ်ပုံ)** ကျောက်ချောလမ်းသစ် တစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အိုင်ဝိုင်း-သိုက်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ၉မိုင်၊ အကျယ် ၁၀ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် အိုင်ဝိုင်း၊ လက်ပံကုန်း၊ သိုက်ကုန်း၊ အိမ်ရာကြီး၊ သာယာကုန်းကျေးရွာအုပ်စုများရှိ ကျေးရွာကိုးရွာနေ ပြည်သူများအနေဖြင့် ယခင်ရေလမ်းကြောင်းကိုသာ အသုံးပြုနိုင်ခဲ့ရာမှ မအူပင်မြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများ များစွာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ခံ

ရန်ကုန်မြို့ ကျောက်မြောင်း ၁၅၂ လမ်း အမှတ် ၄၄နေ ဦးသိန်းမောင်-ဒေါ်တင်မေ မိဘနှစ်ပါးအားရည်စူး၍ဒေါ်မြမြ၊ ဒေါ်တင်တင်ဦး မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေး/အာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်ဦး လက်ခံယူစဉ်။ (၁၀၅)

ရိုးရာပန်းပညာရှင်များအစည်းအရုံး ဟင်္သာတမြို့နယ်၌ ဖွဲ့စည်း

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ဟင်္သာတမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဖွဲ့စည်းခြင်းကို မတ် ၁ ရက်က ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် အစည်းအရုံး (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှတင်ထွန်း)က သဘာပတိအဖြစ် ဆောင်ရွက်၍ ဥက္ကဋ္ဌ ဦးသိန်းထွန်းချိန်၊ အတွင်းရေးမှူး ဦးWသန်းထွန်း အပါအဝင် မြို့နယ်အမှုဆောင် ၁၅ဦး ရွေးချယ်တင်မြှောက်ပေးခဲ့သည်။

သရုပ်ပြရေးဆွဲ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ဒုတိယ ဦးစီးမှူး ဦးကျော်မိုးလွင်၊ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ပန်းချီဦးလှတင်ထွန်း၊ ရေးရာမှူးများဖြစ်ကြသော ဦးတင်မြ၊ ဦးသပြေမြင့်သိန်း၊ ပညာရေးမှူး ဦးငွေအောင်၊ တွဲဖက်ပြန်ကြားရေးမှူး ဦးနီပိုဦး၊ တွဲဖက်စည်းရုံးရေးမှူး ဦးစောတင့်ဝေနှင့် အမှုဆောင်များသည် နွေရာသီ ပန်းချီသင်တန်း (၃/၂၀၁၁) ဖွင့်ပွဲနှင့် မြို့နယ်ပန်းချီပြပွဲသို့ သွားရောက်အားပေးခဲ့သည်။ ယင်းနောက် ဗဟိုအစည်းအရုံးမှ ပန်းချီပညာရှင်များက မြို့နယ်လှယဉ်ကျေးမယ် အေးမြသူ၏ ပုံတူနှင့် မြို့နယ်ရှုခင်းများကို သရုပ်ပြ ရေးဆွဲခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ဖြူးမြို့နယ်၌ ကျင်းပ

ဖြူး မတ် ၄

တောင်ငူခရိုင် ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု မဒပ်ခင်(မြန်မာ) ကျေးရွာ သုတပျိုးခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ရေဒီယိုလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးကျော်စိုးက စာကြည့်တိုက်ရေရှည် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျေးရွာဥက္ကဋ္ဌ ဦးရန်အောင်က စာကြည့်တိုက် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်ငွေ၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးမှူးဦးဝင်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးတို့က စာအုပ်စာစောင်အုပ်ရေ၄၀၀ကျော်နှင့် ရေဒီယိုတစ်လုံးကိုလည်းကောင်း၊ ဦးသန်းညွန့်နိုင်(သစ်လွင်ကွန်ပျူတာမိတ္တူလုပ်ငန်း)က ၂၀၁၁ ခုနှစ်အတွက် တစ်နှစ်စာ သတင်းစာဖိုးများကို လည်းကောင်း လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)** စာကြည့်တိုက်သည် အလျား ၂၄ပေ× အနံ၁၄ပေရှိ သွပ်မိုး၊ အုတ်နံကပ်၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး (၃၃×၆၀)ပေရှိ စာကြည့်တိုက်မြေနေရာကို ကျေးရွာဥက္ကဋ္ဌဦးရန်အောင်က လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တစ်ချက်တည်းကျင်းဝင်

ကျောက်ဖြူ မတ် ၄

ဦးမြတ်လင်းအောင်(မြန်မာ့လေကြောင်း)သည် ဖေဖော်ဝါရီ၂၅ရက်တွင် ကျောက်ဖြူမြို့ နဒီသောင်ယံဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးကျော်သူစိုး(မြို့နယ်ဥက္ကဋ္ဌ)၊ ဦးကျန်လူ (News Tech Computer)၊ ဦးတင်အောင်စိုး(မေဖုန်းမိုရ်ဟိုတယ်)၊ ဦးအောင်အောင်ခိုင်(အကောက်ခွန်)တို့နှင့်အတူဂေါက်သီးရိုက်ကစားစဉ် ကိုက် ၁၁၀ အကွာအဝေးရှိ ကျင်းအမှတ် (၅)ကို (XX 10) 22 ဂေါက်သီးအား Judge Iron (Pitching Wedge) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အာစရိယ ပူဇော်ပွဲများကျင်းပမည်

နေပြည်တော် မတ် ၄

မိုးကုတ်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ

မိုးကုတ်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ဧပြီ ၂ရက် (စနေနေ့) နံနက် ၁၀ နာရီ၌ ကျင်းပမည်ဖြစ်ပြီး မိုးကုတ်မြို့တွင် မေလ၌ ကျင်းပမည်ဖြစ်ရာ မိုးကုတ်မြို့နယ်ရှိ ကျောင်းများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြမည်ဖြစ်သဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းအောင် ဖုန်း-၅၅၅၆၉၃၊ ဦးခင်မောင် ဖုန်း-၀၉-၄၉၂၂၃၄၈၇၊ ဦးသော် ဖုန်း-၀၉-၅၀၀၄၁၁၆၊ ဦးသန်းမောင် ဖုန်း-၀၉-၅၁၃၀၉၇၄၊ ဦးမျိုးညွန့် ဖုန်း-၅၄၈၇၃၅၊ ဦးသန်းဝင်း ဖုန်း-၀၉-၉၀၃၁၃၈၁၊ ဦးကိုဦး ဖုန်း-၀၉-၈၀၂၁၀၂၆၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၄၉၂၇၅၇၂၃၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၀၁၀၅၃၄၊ ဒေါ်တင့်တင့်အောင် ဖုန်း-၀၉-၄၉၂၄၀၆၅၄၊ ဦးအောင်လွင် ဖုန်း-၀၉-၅၁၃၇၁၀၁နှင့် ဒေါ်တင်တင်ဝင်း ဖုန်း-၃၉၄၅၇၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ဖောင်ကြီး အထက

ဖောင်ကြီး အထကတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားသော ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ဖောင်ကြီး အထက ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဦးမြတ်စိုး ဖုန်း-၆၂၆၁၁၇၊ ဦးထိန်လင်း ဖုန်း-၆၂၆၀၄၅၊ ဒေါ်ခင်ရွှေ ဖုန်း-၆၂၆၀၃၂၊ ဦးခင်မောင်ဦး ဖုန်း-၆၂၆၂၇၇နှင့် ဦးဇော်ဝင်း ဖုန်း-၆၂၆၁၄၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အထက (၅) တာမွေ

အထက(၅)တာမွေ (ယခင်စိန့်ဖရန့်စစ်-အမျိုးသားကျောင်း)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက (၅)တာမွေ သစ္စာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့်တကွ ကျောင်းသားဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကိုစိန်ဝင်း (သန္တာပတ္တမြားကုမ္ပဏီ)ဖုန်း-၀၉-၅၁၃၉၇၄၄၊ ကိုကျော်ဟန် ဖုန်း-၀၁-၅၅၄၆၅၈၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၅၁၂၃၀၃၅၊ ကိုမောင်မောင်အေး (ပီပါခွံ/သံပြားရောင်းဝယ်ရေး) ဖုန်း-၀၉-၅၁၀၄၆၆၀၊ ကိုမြင့်သိန်း(မွေ့ရာ) ဖုန်း-၀၉-၅၁၅၁၁၇၉၊ ကိုသန်းငွေ(မော်ဒန်လက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၅၁၄၇၁၉၄ နှင့် ကိုတင်ရွှေ ဖုန်း-၀၁-၅၃၈၂၆၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အမှတ်(၂)စက်မှုလက်မှုအထက်တန်းကျောင်း(ရန်ကုန်)

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)ရန်ကုန်(ဘောင်ဒရီ) အမှတ်(၂)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကူညီလိုသူများသည် ကိုမောင်မောင်အေး ဖုန်း-၀၉-၅၁၂၆၆၆၅၊ ကိုကျော်မြင့် ဖုန်း-၀၉-၅၁၁၅၃၂၉၊ ကိုစိုးမောင် ဖုန်း-၀၉-၅၀၈၆၁၇၂၊ ကိုခင်ဆွေ ဖုန်း-၀၉-၇၃၁-၃၁၉၅၇၊ ကိုရဲမြင့် ဖုန်း-၀၉-၇၃၀-၄၀၅၉၈နှင့် နီးစပ်ရာ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်များထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

အထက (၅) မော်လမြိုင်

မော်လမြိုင်မြို့ စိန့်ပက်ထရစ်-အထက(၅) ကျောင်းတော်ကြီး နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၉ရက်(စနေနေ့) တပေါင်းလပြည့်နေ့တွင် အထက(၅) ရာပြည့်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်း၌ အမှုထမ်းခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများအား ပူဇော်မည်ဖြစ်ပြီး အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးသိန်းဇော် ဖုန်း-၀၉-၅၀၁၀၆၅၂၊ ဦးရှိန်ဝင်း တက်လမ်းဆောက်လုပ်ရေး ဖုန်း-၀၁-၇၃၀-၄၆၈၆၄၊ ဦးအုန်းလွင် ဖုန်း-၀၉-၅၀၁၃၂၄၃၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၇၅၁၀၀၊ ဦးချမ်းထွန်း ဖုန်း-၀၅၇-၂၄၄၃၇၊ ဦးလှရှိန် ဖုန်း-၀၅၇-၂၄၇၁၇၊ ဦးS.Sကျော်ဝင်း ဖုန်း-၀၅၇-၂၄၆၄၄၊ ဦးဝင်းနိုင် ဖုန်း-၀၅၇-၂၃၁၀၀နှင့်ဦးဗိုလ်မောင် ကျောင်းအုပ်ကြီး ဖုန်း-၀၅၇-၂၇၂၀၅၊ အထက(၅) မော်လမြိုင်တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် ရန်ကုန်-မော်လမြိုင် မော်တော်ကား အကြိုအပို့ကိုလည်း စီစဉ်ထားရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

5-3 (11).pmd 1 3/5/2011, 1:51 AM

စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ယင်းမာပင်၌ကျင်းပ

ယင်းမာပင် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် တာဝကျေးရွာအုပ်စု စိန်သုံးလုံး လယ်/ထွေသမဝါယမအသင်း အသင်းသား တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျေးရွာ သမဝါယမအသင်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝကျေးရွာအုပ်စုမှ အသင်းသားတောင်သူ ၁၅၃ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၇၈ ဒသမ ၁ သိန်းကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးမြင့်အောင်က ပေးအပ်ရာ စိန်သုံးလုံး လယ်/ထွေ သမဝါယမအသင်း အတွင်းရေးမှူး ဦးကျော်တင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မီးဘေးကာကွယ်ရေး ဟောပြောပွဲကျင်းပ

နေပြည်တော် မတ် ၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးသရုပ်ပြဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ငူခရိုင်ရုံး ယာဉ်စည်းကမ်း ပညာပေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသောင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိကောင်းစရာများကိုလည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးအုန်းမောင်က ယာဉ်များလိုက်နာရမည့် စည်းကမ်းဥပဒေများကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ တာဝန်ခံ ဦးထင်အောင်လင်းက မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး မီးသတ်သရုပ်ပြပွဲကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်း ထွေတလာ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မြို့တွင်းဗိုလ်ချုပ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်မြို့နယ် မြို့နယ်အားကစားကွင်းပတ်လမ်း လမ်းဘေး ဝဲယာ ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းတူးဖော်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ်ရှိ နမ့်ဖလောက်ရေကာတာနှင့် ရေစစ်ကန်အတွင်းရှိ သဲ၊ နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦးနှင့် အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကိုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (ဝဇဝ)

ပေါက်မြို့နယ် အရှည်ပေ ၁၀၀၈ ပေ၊ အကျယ် ၁၂ ပေရှိ တောင်ဦးကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့နယ် ကျွန်းတောမြို့ပတ်လမ်း၊ ရတနာဂီရိလမ်းနှင့် ရတနာသီရိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁ ရက်က မြဝတီခရိုင် ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အမှုဆောင်အရာရှိ ဦးဝင်းကိုကိုတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးငွေစိုး ရှင်းလင်းတင်ပြစဉ်။ (ဝ၈ဝ)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ဂုဏ်ပြုဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပသော ကော့မှူးမြို့နယ် ဆူးကလပ်ရေကျော်ကျေးရွာ အလက ပညာရည်ချွန်ဆုပေးပွဲတွင် အောင်ချက်မြင့်မားအောင်ကြိုးစားသင်ကြားပေးခဲ့သည့် ဆရာမတစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် နွေစပါးစိုက်ပျိုးနည်းသရုပ်ပြ

နတ်မောက် မတ် ၄

နွေစပါးပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်ခြင်း သရုပ်ပြပွဲကို နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာ ကွင်းအမှတ် (၈၄၈-ခ)ရှိ တောင်သူဦးခင်မောင်သန်း၏ လယ်ကွင်း၌ ကျင်းပသည်။ (ဝဲပုံ) ထိုသို့ ကျင်းပရာတွင် တောင်သူများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာဦးကျော်ဆွေဦးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဦးကျော်ဝင်းစိန်တို့က ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ခြင်းသည် တစ်ဧကလျှင် မျိုးစေ့ ခုနစ်ပြည်ခွဲမှ ၁၀ ပြည်အထိ အသုံးပြုရ၍ မျိုးစေ့ကုန်သက်သာခြင်း၊ ပျိုးနုတ်စရိတ်သက်သာခြင်း၊ ပျိုးနုတ်ရလွယ်၍ ပျိုးချေးမခါရခြင်း၊ ပျိုးပင်မနာခြင်း၊ မြစ်စဉ်အင်အားကောင်းခြင်း၊ ပျိုးသက်နု၍ အနံ့ပါ ပင်ပွားများ၍ အထွက်နှုန်းတိုးခြင်း စသည့် အကျိုးကျေးဇူးများရရှိပုံကို ပညာပေး ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်ရေနွေးချိုးစက်များ ဈေးကွက်၌ ဖြန့်ဖြူး

ရန်ကုန် မတ် ၄

Alpha အမှတ်တံဆိပ်နှင့် Bosston အမှတ်တံဆိပ် ရေနွေးချိုးစက်များနှင့် ရေချိုးခန်းသုံးစက်ပစ္စည်းများကို လွယ်လင့်တကူ ဆက်သွယ်ဝယ်ယူရရှိနိုင်ရန် စီမံဖြန့်ချိလျက်ရှိရာ Alpha Instant Water Heater ရေနွေးချိုးစက်သည် မီးအား 3.5 KW တွင် အသုံးပြုနိုင်ကြောင်း၊ ရေကိုချက်ချင်းနွေးစေပြီး ရေပန်းခေါင်းနှင့် တစ်ပြိုင်တည်းအသုံးပြုနိုင်ကြောင်း၊ အပူအအေးကို ကောင်းစွာ ထိန်းချုပ်ပေးကာ လျှပ်စစ်ကို ဖြတ်တောက်ပေးသည့် စနစ်ပါရှိကြောင်း၊ ရေအလွန်ပူခြင်းကို ကာကွယ်သည့် စနစ်ပါရှိကြောင်း၊ ရေတိုင်ကီကို စက်တပ်ဆင်သည့် နေရာမှ ၁ ဒသမ ၅ မီတာအမြင့်တွင် ထားရှိ အသုံးပြုနိုင်ကြောင်း၊ Heating Element ကို ငါးနှစ်အာမခံပေးထားသဖြင့် စိတ်ချမ်းမြေ့မှုအပြည့်အဝ ရရှိခံစားနိုင်ကြောင်း သိရသည်။

Bosston Electronic Storage Water Heater ရေနွေးချိုးစက်သည် နည်းပညာမြင့်မားသော Heating Element ကို ရွေးချယ်အသုံးပြုထားပြီး 2mm အထူရှိသည့် အကောင်းစား စတီးလ်ပလိတ်ပြား တိုင်ကီကို အသုံးပြုထားကြောင်း၊ အတွင်းပိုင်းကို သံချေးတက်ခြင်းမှ ကာကွယ်ပေးနိုင်သော စိမ်းပြာရောင် ကြွေဆေးသုတ်ထားကြောင်း၊ ရေအေးမှ ရေနွေးသို့ တိုက်ရိုက်ကူးပြောင်းနိုင်သည့်အပြင် လျှပ်စစ်လုံခြုံမှုစနစ်ကိုလည်းတပ်ဆင်ထားကြောင်း၊



အပူချိန် 25 C မှ 75 C အတွင်း လိုအပ်သလို ချိန်ညှိနိုင်ရန် "One Hand" Pilot Design Temperature Knob တပ်ဆင်ထားကြောင်း၊ စက်၏ အပြင်ဘက်၌ Temperature meter တပ်ဆင်ပါရှိကြောင်း၊ CFC Free ဖြစ်ပြီး ငါးနှစ်အာမခံပေးထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါပစ္စည်းများကို မတ် ၁ ရက်မှ ၇ ရက်အထိ ၂၀ ရာခိုင်နှုန်းအထက် Discount ပေးမည်ဖြစ်ပြီး နယ်ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးလိုသူများ၊ ဌာနဆိုင်ရာနှင့် ဆောက်လုပ်ရေးကုမ္ပဏီများအား အထူးအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ Royal Ceramic Trading Co., Ltd. အမှတ် ၅၀ လမ်း ၃၀(အောက်လမ်း) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၃၇၉၃ နှင့် ၂၅၀၂၉၃ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာရှိနှစ်ထပ်အိပ်ဆောင်သစ်ဖွင့်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်းသား သင်တန်းသူ ၅၀ဆံ့ အရာရှိနှစ်ထပ်အိပ်ဆောင်သစ် မင်္ဂလာဆောင်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့က အရာရှိ နှစ်ထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်က သင်တန်းသားသင်တန်းသူ ၅၀ဆံ့ မင်္ဂလာဆောင်သစ်၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အနာကြီးရောဂါကင်းဝေးရေးနေ့ အခမ်းအနား မကွေးမြို့နယ်၌ ကျင်းပ

မကွေး မတ် ၃

မကွေးတိုင်းဒေသကြီးအဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမောင်မောင်အောင်ကျော်က ဖတ်ကြားပြီး**(အောက်ပုံ)**တိုင်းဒေသကြီးအနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာရဲဝင်းသန်းက မကွေးတိုင်းဒေသကြီးအတွင်း အနာကြီးရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း ဦးလွန်းလမ်းနေဦးစောမောင်-ဒေါ်ခင်သန်းအားရည်စူး၍ သမီး မစပယ် (၃၉) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေးစည်းဝေး

တမူး မတ် ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး(တမူး)စခန်း၏ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလအတွက်ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေး(၁၄/၂၀၁၁)ကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီက တမူးမြို့ နယ်စပ်ကုန်သွယ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီထွေး၊ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစန်းလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မြင့်ဦးနှင့်တာဝန်ရှိသူများ၊ကုမ္ပဏီလုပ်ငန်းရှင်များ၊ မော်တော်ယာဉ်တာဝန်ခံများ စုစုပေါင်း၄၂ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေး(တမူး)စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစန်းလွင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်စပ်သက်ဆိုင်သော ဌာနဆိုင်ရာများကမိမိလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ် (၅)ထွက်ပြီ

ရန်ကုန် မတ် ၃

ကုံရာသီအခါသမယ တပို့တွဲလ၏ ရာသီပန်းဖြစ်သော ပေါက်ပန်း၊ လဲပန်းနှင့် ဆူးပန်းများ ပွင့်လန်းခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၅)ကို မတ် ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးသည်ဆိုရာဝယ်၊ ပြည်ပပို့ကုန်ပဲမျိုးစုံ သီးထပ်စိုက်ပျိုး မြေဆီလွှာဖွံ့ဖြိုး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ နို့စားနွားမျိုး နွားမငယ်များ မွေးမြူရေး၊ ရေနစ်ကွင်းများ ငါးမွေးထားအကျိုးများပါမည် စသည့် မွေးမြူရေးဆောင်းပါးများ၊ မျက်စိထိခိုက်ဒဏ်ရာ၊ဘက်စုံသုံးဝင် ထနောင်းပင်၊ အာလူးကြော်များကို အလွန်အကျွံ စားသုံးခြင်းမှ ရောင်ကြဉ်သင့်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စားသုံးခြင်းသည် ဆီးကျိတ်ကင်ဆာဖြစ်ခြင်းကို လျော့နည်းစေနိုင် စသည့် ကျန်းမာရေးဆောင်းပါးများ၊ ကယားတိုင်းရင်းသားတို့၏ ချစ်စဖွယ်ယဉ်ကျေးမှုရိုးရာဓလေ့များ၊ ဆေးဖက်ဝင်အပင်များစုံလင် အမျိုးသားပရဆေးဥယျာဉ်

စသည့် အသိပညာပေး သုတရသ ဆောင်းပါးများ၊ ယနေ့နိုင်ငံရေး အခြေအနေနှင့်ပတ်သက်၍ ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် NLD ဆောင်းပါး၊ တရုတ်အနောက်ပိုင်းဒေသဖော်ဆောင်ရေးမှသည် စီးပွားရေးဇုန်ဆီဦးတည်၊ အော်ဂင်းနစ်ဆန်ဈေးကွက် ချဲ့ထွင်ရေး၊ ကမ္ဘာ့အကြီးဆုံး ကမ်းလွန်လေအားလျှပ်စစ်စက်ရုံ ဗြိတိန်၌ဖွင့်လှစ် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာသတင်းများ၊ ဝတ္ထုတို၊ ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင် စသည်ဖြင့် ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့ထံသို့ ဆက်သွယ် ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းတွင်း ကျေးလက်ကျောက်ချောလမ်းကို ဖေဖော်ဝါရီ ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်

ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ရပ်ကွက်(၁) စံပြလမ်းသွယ်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဟိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ISO 9001: 2008 Certificate ပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၃

Global Group (UK) မှ မြပန်းဝါကုမ္ပဏီလီမိတက်သို့ ISO 9001: 2008 Certificate ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြပန်းဝါကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် Global Group (UK) ကိုယ်စား Global Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ISO 9001: 2008 Certificate နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြပန်းဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်ထံ ISO 9001: 2008 Certificate ကို ပေးအပ်သည်။**(အပေါ်ပုံ)**ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက IQA Certificate များကို မြပန်းဝါကုမ္ပဏီဝန်ထမ်းများထံပေးအပ်သည်။ မြပန်းဝါကုမ္ပဏီသည် စင်ထွာမီးလင်းကတ္တားအမည်ဖြင့် စက်ရုံ၊ အလုပ်ရုံနှင့် တန်ပိုဂိတ်များတွင် အသုံးပြုသော ကတ္တားများ၊ ပွဲရုံနှင့် ကုန်စည်ဒိုင်များတွင် အသုံးပြုသော ဒစ်ဂျစ်တယ်ချိန်ခွင်နှင့် ရတနာလုပ်ငန်းများတွင် အသုံးပြုသော AD အမှတ်တံဆိပ် ရွှေချိန်စက်တို့ကို ဖြန့်ချိလျက်ရှိသည်။ယခုအခါ ISO 17025 ဓာတ်ခွဲခန်းတွင် စံတိုက်ထားသော စံအလေးချိန်များနှင့် အလေးကတ္တားများကို စံတိုက်ပေးနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ယုဇန BOT လမ်းပိုင်းဖြစ်သော ရမည်းသင်း ငွေကောက်ခံရေးစခန်း၏ တန်ပိုကတ္တားနှင့် ကွန်ပျူတာငွေကောက်ခံရေးစနစ်များ၊ ရန်ကုန်-မန္တလေး အမြန်လမ်း၏ ငွေကောက်ခံရေးစခန်းများရှိ ငွေကောက်ခံရေးစနစ်များနှင့် တန်ပိုကတ္တားများကိုလည်း မြပန်းဝါကုမ္ပဏီလီမိတက်မှတပ်ဆင်ပေးပြီးဖြစ်သည်။

ဆက်သွယ်နိုင်

ဆက်သွယ်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် အမှတ်၃၀ (B) သီရိမွန်(၉)လမ်း သီရိမွန်အိမ်ရာ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၀၈၂၁ နှင့် ၇၂၇၃၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

အဖွဲ့ဝင် (၁၅)ဦးပါ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်း

ကော်မတီဝင်များ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်

နေပြည်တော် မတ် ၄

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃)ဦးရှိသည့်အနက် (၂၂၂) ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၅ ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်သူ့ငွေစာရင်းကော်မတီတွင်

စာမျက်နှာ ၄ ကော်လံ ၁ ❖

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)